ကြယ်ပွင့်စာပေ

# ဝေမှူးသွင်

ဘာညာအထာ

(လုံးချင်းဝတ္ထုသစ်)

# (၁)

နွေ၏ နောက်ဆုံးစာမျက်နှာများ တွင် ရေညှိရောင်တိမ်လိုင်းများ တစ်ရံတစ်ခါ ယှက်ဖြာနေသည် မှ အပ ကောင်းကင်တစ်ခုလုံး ကြည်လင်ငြိမ်သက်လျက်ရှိသည် ။ အလင်းတန်းတို့ ထိုးဆင်းနိုင်ရန်အတွက် မနက်ခင်းများ သည် ဖြည်းဖြည်းနွေးနွေးလေး စတင်တတ်ကြပါသည် ။ လေစီးထဲတွင် တစ်ချက်တစ်ချက် လှိုက်ခနဲ မျောပါလာသည့် ဆွတ်စိမ့်သော မိုးရနံ့လေးများကလည်း နှောင်းနွေကို နှုတ်ဆက်နေသယောင် . . .။ ဟိုဒီဝဲပျံနေသော မျိုးကွဲငှက်လေးများ ၊ လမ်းဘေးဝဲယာဆီမှ ပန်းရိုင်းများ ၊ ပတ်ဝန်းကျင် အရောင်ပြောင်းလဲမှု များ သည် နွေ၏ သဘာဝအချိုးအကွေ့တစ်ခုကို ဖော်ကျူးနေတော့သည် ။

ထိုမနက်မျိုးတွင် သန့်ဇော်သည် အိမ်နှင့် မနီးမဝေးလမ်းတစ်လျှောက် စကိတ်ထွက်စီးလေ့ ရှိသည် ။ မနက်ခင်း၏ လတ်ဆတ်သည့် လေကို ရှူရင်း သူ့အာရုံတွေ လန်းဆန်းလာပါသည် ။ အိမ်ရှေ့ရောက်အောင် ခုံးလေးအတိုင်း သူက လိမ့်ဆင်းလိုက်၏။ ဒီနေ့အဖို့ တော်လောက်ပြီမို့ ခြံဝအရောက်သည် နှင့် ဆတ်ခနဲ ခုန်ဆင်းကာ ဘုတ်ခ်စကိတ်ပြားကို ဟန်ပါပါဆွဲယူပြီး အိမ်ထဲသို့ လှမ်းဝင်လာခဲ့သည် ။

အိမ်ထဲရောက်သည် နှင့် မာမီက လှမ်းပြော၏။

"ဟဲ့ . . . သား၊ ခုနက သမီးကြည်ဖြူ ဖုန်းဆက်သေးတယ်"

"ဟုတ်လား၊ ဘာတွေ ပွားသွားသေးလဲ"

"သားပြန်ရောက်တာနဲ့ သူ့ဆီလာခဲ့ပါတဲ့ ၊ အင်း နိုင်ငံခြားသွားရတော့မှာ မို့ သားကို တွေ့ချင်နေမှာ ပေါ့"

မာမီ့စကားကြောင့် သန့်ဇော် အနည်းငယ် ရှက်သွားသော်လည်း ဘာမှ ပြန်မပြောတော့ဘဲ ရေဝင်ချိုးလိုက်ပါသည် ။ မမကြည်ဖြူနှင့် သူက လူကြီးချင်းသဘောတူထားပြီး မမက သန့်ဇော်ထက် လေးနှစ်လောက်ကြီး၏။ သူ့အပေါ်လည်း ငယ်ငယ်ကပင် သံယောဇဉ်ကြီးခဲ့သည် ။ သန့်ဇော်က ရည်းစားတွေ တစ်ပွေပြီးတစ်ပွေ ထားခဲ့ပေမယ့်လည်း အချစ်ဆိုတာကို ဘာမှန်းမသိသေး။ မမနှင့် ယူပြီးလျှင်တော့ သံယောဇဉ်ရှိပြီးသားမို့ တဖြည်းဖြည်းချစ်သွားနိုင်သည် ဟု ထင်မိသည် ။ ခုချိန်ထိ မမထက် သံယောဇဉ်ထားရမည့် သူ သန့်ဇော်မှာ မရှိပေ။ ကျောင်းပြီး၍ အလုပ်မလုပ်သေးဘဲ သန့်ဇော်ကလေရိုက်နေချိန်တွင် မမကြည်ဖြူက တက္ကသိုလ်တစ်ခုမှ ကျူတာအနေဖြင့် ဂျပန်နိုင်ငံသို့ပင် ပညာတော်သင်သွားရတော့မည်။ ခုလည်း ဘာခိုင်းစရာရှိ၍ လှမ်းခေါ်သည် မသိ။ ဘာပဲဖြစ်ဖြစ် မမနိုင်ငံခြားသွားလျှင် သူအရမ်းလိုချင်နေသည့် နောက်ဆုံးပေါ် i phone မှာ လိုက်နိုင်သည် မဟုတ်ပါလား။

အဝတ်အစား ခပ်လန်းလန်းလေးဝတ်ပြီး သန့်ဇော်က ကားသော့ကို လှမ်းယူလိုက်၏။ မာမီက သူ့ကိုကြည့်ပြီး . . .

"သား နေပူတယ်လေ၊ ဦးထုပ်ဆောင်းသွားဦး"

"ဟာ မာမီကလည်း ၊ သား ကေပျက်သွားမှာ ပေါ့၊ ဒါတောင် မနည်း ရှိုင်းထားရတာ"

မာမီက သူ့အပြောကို ပြုံးကာကြည့်ရင်း . . .

"ဒါနဲ့ ဘယ်ကားယူသွားမှာ လဲ"

"ဂျစ်နဲ့ ပဲလစ်တော့မယ် မာမီရာ၊ အိုက်လို့ . . . "

"အေး . . အေး . . ဖြည်းဖြည်းလည်း မောင်းသွားဦး"

"အာပေးဆေး၊ ကဲ မာမီ သားသွားပြီ"

အာပေးဆေးဆိုတော့ "အေးဆေးပါ" ပေါ့။ သူ့သားစကားလောက်တော့ ဒေါ်မြင့်မော်တို့ က နပ်ပြီးသား . . . ။ သန့်ဇော်ကို မွေးထားသည့် အမေပဲလေ။ ဒါကိုပင် ကပ်မှာ လိုက်သေး၏။

"ညနေစောစောပြန်လာနော်၊ သွားစရာရှိရင်လည်း မာမီဆီ ဖုန်းလှမ်းဆက်ပြောဦး"

"Yes . . . မာမီ . . . "

***

နေ့လယ်ခင်းနေရောင်ခြည်သည် ဖွေးဖွေးလှုပ်နေ၏။ မျက်ဖြူလန်နေသော လမ်းမတစ်လျှောက်တွင် လည်း တံလျှပ်တွေက အတိုင်းသား ယှက်ဖြာယိမ်းထိုးနေကြသည် ။ မမဆီသွားရင်း ညနေဘက်တွင် အေးဆေးတို့ နှင့် ချိန်းထားသည် ကို သတိရလာ၏။ တော်ပြီ ဒီနေ့ ကလပ်မသွားတော့ဘူးဟု သူဆုံးဖြတ်လိုက်ပါသည် ။

အိမ်မှာ မမက အသင့်စောင့်နေ၏။ အမြဲတမ်း ဣန္ဒြေရရလေးလှနေသော မမသည် သန့်ဇော်၏ ရင်ကို အေးမြစေနိုင်လေသည် ။ သန့်ဇော်ရောက်သည် နှင့် မမက အပြုံးပါးပါးလေးဖြင့် ကြည့်ပြီး နောက်ပြောင်၍ နှုတ်ဆက်၏။

"ကိုယ်တော်လေးက ဆံပင်ပုံစံတွေ ပြောင်းနေပါလား၊ ဒါက ဘာကေတဲ့ လဲ . . . "

"အဟီး . . ဒါလား၊ အီမိုကေလေ မမရဲ့ ၊ လန်းတယ် မဟုတ်လား"

"အင်း . . လန်းပါတယ် . . လန်းပါတယ်၊ လူကလည်း ဆံပင်ပုံစံအသစ်လိုပဲ လန်းဆန်း ပြောင်းလဲ နေတော့တာပဲနော်"

မမက မှတ်ချက်ချ၏။ သူကလည်း ဟုတ်နေသည် မို့ မငြင်းတော့ဘဲ . . .

"ကျွန်တော်က အသစ်ကြိုက်တာကိုး မမရဲ့ ၊ ဒါပေမဲ့ မကောင်းတဲ့ အသစ်တွေကိုတော့ မကြိုက်ပါဘူး မမရာ၊ ကဲပြောလေ မမ ကျွန်တော့်ကို ဘာပြောမလို့ ခေါ်လိုက်တာလဲ"

ပြောရင်း သန့်ဇော် ခုံတစ်ခုံမှာ ထိုင်ချပစ်လိုက်သည် ။ အပြင်မှာ ပူလှသော်လည်း ဧည့်ခန်းထဲမှာ အဲကွန်း (air-con) က အေးစိမ့်နေသည် ။ အမြဲတမ်းပေါ့ပါးနေသော သန့်ဇော်ကြောင့် ကြည်ဖြူက သက်ပြင်းလေး ဖွဖွချလိုက်မိသည် ။ ပြီးမှ တည်တည်ငြိမ်ငြိမ်လေး ကြည့်ကာ စကားကို ဆို၏။

"မမ မနက်ဖြန် ဂျပန်သွားတော့မှာ ကို သန့်ဇော်သိတယ်နော်"

"ဟာ . . သိတယ်လေ မမရဲ့ ၊ သုံးနာရီခွဲ ဖလိုက်နဲ့ မဟုတ်လား၊ ကျွန်တော်လိုက်ပို့မှာ ပေါ့၊ အိမ်က ကားနဲ့ပဲဒိုးမယ်လေ၊ နော် မမ . . . "

သန့်ဇော်အပြောကို မကန့်ကွက်မိသော်လည်း သူမပြောချင်နေသည့် အကြောင်းအရာကြောင့် ကြည်ဖြူရှက်တက်တက် ဖြစ်နေမိသေးသည် ။ ဒါပေမဲ့ ဒီကိစ္စက မပြောလို့ လည်း မဖြစ်သေးပါဘူးလေဆိုပြီး သူမကစပဲ စပြောလိုက်ပါသည် ။

"ဟိုလေ သန့်ဇော်၊ မင်းနဲ့ မမကို လူကြီးတွေ သဘောတူထားတာ မင်းသိတယ်နော်"

သန့်ဇော်က ကြည်ဖြူ့စကားကို ဦးနှောက်စားသွားသည် ။ ဒီကိစ္စက သူသိပြီးသားပဲ။ ခုမှ မမဘက်က ဘာရှော့ (Shock) ရှိပြန်ပြီလဲဟု တွေးမိသည် မို့ . . .

“ဘာများ လဲလို့ မမရာ၊ ကျွန်တော်တောင် လည်သွားတယ်၊ မမဟိုမှာ သုံးနှစ်နေပြီး ပြန်လာရင် လူကြီးတွေက ကျွန်တော်တို့ ကို လက်ထပ်ပေးမယ်၊ ဒါပဲလေ၊ ပွဲ အစထဲက ပြီးနေတာကို”

“မဟုတ်သေးဘူး သန့်ဇော်၊ ပေ့ါပေ့ါလေး မပြောနဲ့ ၊ သုံးနှစ်ဆိုတဲ့ အချိန်ဟာ လူတစ်ယောက်ကို ကောင်းကောင်း ပြောင်းလဲနိုင်တယ်နော်၊ ဒီကိစ္စကို မမ,မသွားခင် မင်းထပ်စဉ်းစားစေချင်တယ်”

“ဟာ . . မမကလည်း စားတယ်ဗျာ၊ ရှင်းနေတာကို လာရှုပ်နေပြန်ပြီ ”

သန့်ဇော်၏ စိတ်ရှုပ်သွားသည့် အမူအရာကို ကြည်ဖြူက ခေါင်းလေး ခါပြီး . . .

“မစားနဲ့ ။ အဲ မရှုပ်နဲ့ သန့်ဇော်၊ မင်းခုလို နေပုံထိုင်ပုံမျိုးနဲ့ မမဘယ်လို စိတ်ချရမလဲ၊ မင်းနဲ့ ကိစ္စကို မမလက်ခံခဲ့တာ လူကြီးတွေရဲ့ ဆန္ဒဆိုပေမယ့် ငယ်ငယ်ထဲက ပတ်သက်ခဲ့တဲ့ သံယောဇဉ်လည်း ပါတယ်ဆိုတာ မမေ့နဲ့ ”

“ကျွန်တော်လည်း မမလိုပါပဲဗျာ၊ စိတ်အေးလက်အေးသာ သွားစမ်းပါ၊ ဒီသုံးနှစ်မှာ ကျွန်တော် လွတ်လွတ်လပ်လပ်နေမယ်၊ ဒါပေမဲ့ မဟုတ်တာ ဘာမှ မလုပ်ဘူး”

ပြီး,ပြီးရောပုံစံနှင့် သန့်ဇော်ပြောနေသည် ကို ကြည်ဖြူက အကြောင်းသိနေသူပီပီ သိပ်မယုံပေ။ ဒါကြောင့် သူမက . . .

"ကဲ ထားပါတော့၊ ဒီသုံးနှစ်အတွင်း ဘာမှ အတိမ်းအစောင်း မရှိဘူး လို့ မင်းဘက်က အာမခံနိုင်ပ့ါမလား"

"လုံးဝ ဆောလစ်(Solid) ဗျာ၊ အာမခံတယ်၊ မမရော"

"အိုး မမမှာ က မင်းလောက် သံယောဇဉ်ထားရမယ့်သူ မရှိလို့ လက် ခံခဲ့တာပဲလေ"

သန့်ဇော်က သူပြောတာ နည်းနည်းများ သွားမှန်း သတိထားမိ၍ ပြ န်တောင်းပန်လိုက်ပါသည် ။

"ဆောရီးနော် မမ၊ ကျွန်တော် မမအကြောင်းသိပါတယ်"

"အေး မမလည်း မင်းအကြောင်းတွေ သိတာပဲလေ၊ မင်း အရင်လို ရ ည်းစားတွေ လျှောက်ထားနေရင်ရော"

အင်း . . ဒီဆရာမကြီးတော့ ရေရေလည်လည် ကွိုင်ရှာနေပြန်ပြီဟု တွေးလိုက်သော်လည်း ၊ သန့်ဇော်က မျက်နှာကို အပြစ်ကင်းစင်ဟန် လေးဖြင့် ဆက်ရှင်းပြနေမိ၏။

"အဲဒါ ကျောင်းတုန်းကပါဗျာ၊ ကျောင်းပြီးလို့ မမနဲ့ ကိစ္စကို မာမီပြော ပြီးကတည်းက ကျွန်တော် ဘာလုပ်တာကြားလို့ လဲ"

ကြည်ဖြူ နည်းနည်းတွေဝေသွား၏။ ဟုတ်တော့ ဟုတ်ပါတယ်လေ။ ဒါပေမဲ့ သန့်ဇော်က မိမိထက် လေးနှစ်နီးပါးငယ်သည် ။ သူ့ဟာသူ ဒီလို နေတာထိုင်တာကို ကိုယ်က ခုချိန်မှာ ပြောခွင့်မရှိသော်လည်း တစ်ချိန် ကျမှ မိမိဘက်က အရှက်အကွဲမခံနိုင်။ မိဘတွေကလည်း ချမ်းသာသူ တွေမို့ သန့်ဇော်က ငယ်ရွယ်သူပီပီ ဘာမှ အပူပင်ရှိတာမဟုတ်။ ပြီး တော့ ခုခေတ်ကောင်မလေးတွေကလည်း သန့်ဇော်တို့ ပြောသလို အလ န်းတွေ၊ အလန်တွေ၊ ခပ်ကဲကဲလေးတွေမို့ မတော်တဆ အမှားအယွင်းဖြ

စ်လာလျှင် အားလုံး မျက်နှာပျက်ရမည်။ အားလုံးကို ခြုံငုံစဉ်းစားထားကာ သူမက ပြောရန်ပြင်လိုက်၏။ သန့်ဇော်လက်ခံပါ့မလားဟု တွေးနေစဉ်မှာ ပဲ . . .

"ကျွန်တော်ပြောတာ ဟုတ်တယ်နော်၊ မမငြိမ်နေတာ တစ်နည်းအားဖြင့် ဝန်ခံတာပဲ၊ စိတ်ချပါဗျာ၊ အပဲ . . ပိုစိတ်ချချင်ရင် နိုင်ငံခြားရောက်တာနဲ့ ကျွန်တော့်အတွက် ခုနောက်ဆုံးပေါ်တဲ့ i phone အသစ် ဝယ်ထည့်ပေး လိုက်လေ၊ ကျွန်တော့်ကို ဟိုကောင်ငရဲ ကြွားကြွားနေတာ တင်းလွန်းလို့ ပါဗျာ"

ကြည်ဖြူက သန့်ဇော်စကားနားထောင်ပြီး ခေါင်းထဲလက်ခနဲဖြစ်သွားသည် ။ အကြံတစ်ခုချက်ချင်းရသွားသဖြင့် အသာပြုံး၍ . . .

"အေးပါကွာ၊ မမ ဝယ်ပေးမှာ ပေ့ါ၊ ဒါပေမဲ့ မင်းကတိတော့ ပေးရမယ်"

"ဟင် . . . ဘာကတိလဲ"

"လွယ်လွယ် မဟုတ်ဘူး နော်၊ ဘုရားစင်ရှေ့မှာ သစ္စာဆိုရမှာ "

"လာပြန်ပြီတစ်မျိုး၊ မမရာ . . ဘာကိုသစ္စာဆိုရမှာ လဲ ပြော ပြော"

"မမက မင်းနဲ့ ပတ်သက်ပြီး စိတ်ချချင်လို့ ပါ၊ မင်း ဒီသုံးနှစ်အတွင်း ဘယ်မိန်းမနဲ့ မှ ရင်းရင်းနှီးနှီး မပတ်သက်ရဘူး၊ ရည်းစားလည်း လုံးဝမထားရဘူး၊ ဘယ်လိုလဲ"

သန့်ဇော် တိုင်ပတ်သွား၏။ စိတ်ထဲကလည်း တကယ့်အချုပ်ဇယားပဲဟု တွေးလိုက်မိသည် ။ စိတ်ကျဉ်းကျပ်စွာနှင့် မမကြည်ဖြူကို ဖျတ်ခနဲကြည့်လိုက်တော့ "ဘယ်လိုလဲ၊ မင်းကျွတ်နေပြီလား" ဟူသည့် မမ၏ မထီတရီဒီဇိုင်းကြောင့် သန့်ဇော်လည်း ပြည်တည်တည် လုပ်ကာ ပြောရ

တော့သည် ။

"အဟင်း . . ဟင်း . . ရတယ်လေ၊ အခုသစ္စာဆိုမယ်၊ ပြီးတာနဲ့ မမလည်း ကျွန်တော့်ရှေ့က ဒိုးတော့"

"ဟင် . . ဘာဖြစ်လို့ လဲ"

ကြည်ဖြူလန့်သွားမိသည် ။ သန့်ဇော်က သူမပြောတာ စိတ်ဆိုးသွားပြီလားဆိုပြီး မရဲတရဲလေး ကြည့်လိုက်၏။ သန့်ဇော်က ခပ်တည်တည်နှင့် ပင် လေသံကို မပြင်ဘဲ စကားကို ဆက်၏။

"မမလည်း မိန်းမပဲလေ၊ လာမနွှယ်နဲ့ တော့ မဟုတ်ဘူး လား"

"အာ . . သန့်ဇော်ကလည်း ခစ် ခစ်၊ ဒီလိုကွာ မမကလွဲလို့ ပြောတာလေ"

မမကြည်ဖြူရယ်ပြီး ပြောနေသော်လည်း ဒီကိစ္စအတည်ဆိုတာ သန့်ဇော် သဘောပေါက်လိုက်သည် ။ အင်း ဘာပဲဖြစ်ဖြစ် မမ စိတ်ချမ်းသာရင် ပြီးတာပဲလေဟု တွေးကာ i phone မျက်နှာနှင့် အလန်းလေးတွေကို လျှော်ပေးလိုက်ရတော့သည် ။ ခုချိန်မှာ သူလည်း ဘယ်မိန်းကလေးနှင့်မှ မပတ်သက်ချင်တာ အမှန်ပဲဖြစ်သည် ။ ပြီးတော့ မသေချာသော မနက်ဖြန်တွေကို မေ့ထား၍ မရကြောင်း သန့်ဇော်ကောင်းကောင်း သဘောမပေါက်သေးတာလည်း ဖြစ်နိုင်ပါသည် ။

***

ရှည်လျားထွေပြားလွန်းလှသည့် မမ၏ ဆုံးမဩဝါဒများ ၊ ဘုရားနှင့်တိုင်တည်ပြီး သူ့ထံမှ ဖျစ်ညှစ်ယူသွားသည့် ကတိများ ၊ သူ့ ဘဝတစ်ဝက်နီးပါးကို စကားလုံးများ ဖြင့် ဆွဲစေ့သွားသော မမကြည်ဖြူ၏ အောင်မြင်သည့် အပြုံးများ ။ အားလုံးဟာ မမကြည်ဖြူလိုက်ပါသွားသော လေယာ

ဦပုံကြီးလို မှိန်ဖျော့ပျောက်ကွယ်သွားမှာ လား ဆိုတာ ဝေခွဲမရပါ။ အ တန်ကြာသည် အထိ သန့်ဇော် နှုတ်ဆက်မျှော်စင်ပေါ်မှ ငုတ်တုတ်မေ့ နေပါသည် ။

သိပ်မကြာသေးခင်လောက်ကအထိ မမ၏ ဆွေးရီအုံ့ဆိုင်းနေသည့် အကြည့်တွေ။ နောက်ပြီး တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းဖျား က 'မမသွားပြီးနော်' ဆိုသည့် စကားစလေးရှေ့မှာ 'မောင်' လို့ ခပ်တိုး တိုး ရေရွတ်သွားခဲ့သေးသလား။ အံ့ဩစရာကောင်းလှသည် မှာ သန့် ဇော်တစ်ယောက် လုံးဝနာကျင်ဆွေးမြည့်မှု မရှိခြင်းပင်။ တစ်ချိန်ရောက် လျှင် မမနှင့် လုံးဝဆုံဆည်းရမှာ ကိုသိ၍ ဘာမှ သိပ်မခံစားရတာများ လား။ အချစ်ဆိုတာကို သန့်ဇော်ခုထိ ခလုတ်မတိုက်မိသေးပါ။ အဲဒါနှင့် ပတ်သက်၍ သူကိုယ်တိုင်လည်း မစဉ်းစားတတ်တော့။

မျှော်လင့်ထားသော အရာတစ်ခုသည် မျှော်လင့်ထားသလို ဖြစ်လာခဲ့ လျှင် ထိုပျော်ရွှင်မှုမှာ မျှော်လင့်နေရချိန်ထက် တန်ဖိုးယုတ်သွားနိုင်သ လားဟု သူက အတွေးဝင်မိပါသည် ။

လေဆိပ်၏ ကားပါကင်ထဲအရောက်တွင် 'ဟေး အီမို' ဆိုပြီး ခေါ်သံ တစ်ခုကို ကြားလိုက်မိသည် ။ သန့်ဇော် ဆတ်ခနဲ လှည့်ကြည့်လိုက် တော့ ပြောင်စပ်စပ်မျက်နှာပေးများ ဖြင့် ခေတ်ပေါ် ကောင်မလေး နှစ် ယောက်ကို လှမ်းတွေ့လိုက်၏။ ခပ်ကဲကဲလေးတွေ ဝတ်ထားသောကြော င့် သန့်ဇော် အသည်းယားသွားပါသည် ။ ဒါ ဇာတ်လမ်းပဲဆိုပြီး ခေါင်းထဲ ရှိ ဘတ်သီးကလည်း ဖျတ်ခနဲ လင်းလာ၏။ ကောင်မလေးတွေဆီ သွား ၍ လုံးရန် စဉ်းစားပြီးမှ မမထံ ကတိပေးထားတာ သတိရလိုက်၍ စိတ် ကို ဘရိတ်အုပ်ကာ ကားပေါ်ပဲ လှမ်းတက်လိုက်မိ၏။ အခွင့်အရေးကို နှမြောသောအားဖြင့် သန့်ဇော်က ကောင်မလေးနှစ်ယောက်ကို ပြုံးရင်း

နှင့် မျက်စိ မှိတ်ပြလိုက်ပါသည် ။ ဒီလောက်ပဲ ကောင်းပါတယ် ရက်ပ်ပါ (Rapper) မလေးတွေရယ်လို့ တွေးရင်း သူက ကားမောင်းထွက်လာခဲ့တော့သည် ။ ဟာဒ်ကော့ကြီး ကျန်ခဲ့တာမျိုးတော့ သန့်ဇော်လည်း ဘယ်ဖြစ်ချင်ပါ့မလဲ။

ပြည်လမ်းပေါ်အတက်မှာ ဟန်းဖုန်းက ထမြည်လာ၏။ အေးဆေးဆီ ကလားဆိုပြီး ဖုန်းကို အကြည့်၊ တွေ့လိုက်ရသော ဖုန်းနံပါတ်ကြောင့် သန့်ဇော် သိပ်မအံ့သြမိတော့။ ဖုန်းပိတ်လိုက်ရန် စဉ်းစားပြီးမှ မကောင်းတတ်သည် မို့ နားထောင်လိုက်ပါသည် ။ 'သန့်ဇော်လားဟင်' ဆိုသည့် ချွဲပျစ်သော အသံတစ်ခုက နားထဲဝင်လာ၏။ သန့်ဇော် ပြုံးမိသွားပါသည် ။ သိပ်စိတ်မဝင်စားလှသော်လည်း ပျင်းစရာမကောင်းသည့် အလုပ်တစ်ခုအား သူလုပ်ရပါဦးမည်။ သန့်ဇော်လည်း တစ်ဖက်က အသံထက်ပိုသော ရှုံးပတီသီး အသံမျိုးဖြင့် ပို၍ ချွဲကျိစွာ ပြန်ပြောနေပါတော့သည် ။

*

(၂)

ဒဂုံစင်တာရောက်သည် နှင့် သူ့အတွက် မြင်ကွင်းများက လန်းဆန်းသွားသည် ။ မည်သည့် ပယောဂမျှမပါဘဲ မမ၏ ပုံရိပ်များကို ခဏကန်ဆယ် (cancel) လုပ်လိုက်မိ၏။ များ ပြားလှစွာသော ခေတ်ပေါ် မိုင်းရပ်(စ်) ကလေးများ သည် နှစ်ဆယ့်တစ်ရာစုကို အချိုးကျကျ ကိုက်ဖြတ်နေကြသည် ။ ထိုရောင်စုံမိုင်းရပ်(စ်)ကလေးများကို ဘယ်ကြည့်ကြည့် တွေ့နိုင်သည် မို့ သန့်ဇော်က လူငယ်ပီပီ မျက်စိအစာကျွေးနေလိုက်ပါတော့သည် ။ စကတ်အတို၊ အကျပ်၊ အကွဲ ဒီဇိုင်းများ ၊ ဆံပင်အဖြောင့်၊ အကောက် ကာလာစုံအဆင်လေးများ ။ သူတို့ မှ မလာရင် ဒီဒဂုံစင်တာကြီး မပြည့်စုံနိုင်လောက်အောင် အားကြိုးမာန်တက်ရှော့ပင်းထွက်နေကြသည် ။ အများ စုကတော့ ဝင်းဒိုးရှော့ပင်း (window shopping) တွေမို့ ဆိုင်ရှင်များမှာ ရောင်းရမှာ ထက် ပါးစပ်ညောင်းလောက်အောင် ရှင်းပြနေရရှာသည် ။ ဒီကိစ္စက မြို့ပြမှာ တော့ သိပ်မထူးဆန်းလှတော့။ နေရာတကာမှာ အထာလေးတွေ ရှိပါသည် ။

ဟိုငေးသည် ငေးနှင့် လာရင်းကိစ္စကရှိသေးသည် ကို သတိရသွားပြီး အပေါ်ထပ်တက်၍ ကော်ဖီဆိုင်ထဲသို့ မျက်စိကစားလိုက်သည် ။ ဆိုင်၏ထောင့်တစ်နေရာတွင် အပြုံးမျက်နှာဖြင့် သူ့ကို လက်လှမ်းပြနေသည့် ခပ်ချောချော ကောင်မလေးတစ်ယောက်က ရှိနေပြန်သည် ။ အနီးကပ်ကြည့်ပါက ပို၍ ချောမောလှပလွန်းနေလေ၏။ ကောင်မလေးဘေးမှာ ထိုင်ချလိုက်သော သန့်ဇော်သည် ခုချိန်ထိ မမကြည်ဖြူအား ပေးထားသည့်

ကတိကို မဖျက်သေးပါ။ အဘယ်ကြောင့် ဆိုသော် ထိုကောင်မလေးသည် မိန်းမအစစ်မဟုတ်၊ ချမ်းချမ်းသာသာ အသိုင်းအဝိုင်းတစ်ခုတွင် မပူမပင် ကြီးပြင်းလာခဲ့သော "မျိုးမျိုး၊ မျိုးမျိုး" ဆိုပြီး၊ သူ့ကိုယ်သူ ကန္တဲ့ကလျ ပြောတတ်သည့် အခြောက်ကလေးတစ်ယောက်သာ ဖြစ်ပါသည် ။

မျိုးမျိုးက မျက်လုံးလေးထောင့်ကပ်ကာ ချွဲချွဲပျစ်ပျစ်လေး ပြောလာ၏။

"ကဲ . . ပြော၊ ဒါက ဘယ်ကလာတာလဲလို့ ၊ ဒီမှာ စောင့်နေတာ ကြာလှပြီ"

မျိုးမျိုးပုံစံကြောင့် သန့်ဇော်က စိတ်ထဲမှာ နားရင်းနှစ်ချက်လောက် ကျွေးချင်သွားသော်လည်း မျက်နှာကိုတော့ အပီပြုံးထားပါ၏။ နောက် သူက မျိုးမျိုး၏ ပခုံးလေးကို အသာဖျစ်လိုက်သေးသည် ။ သန့်ဇော်၏ အပြုအမူကြောင့် မျိုးမျိုးမှာ ရင်တွေဖိုကာ အိုတွေ၊ အင်တွေ ဖြစ်ကုန်တော့သည် ။ သန့်ဇော်က ရယ်ချင်စိတ်ကိုအောင့်ကာ ရွှန်းရွှန်းစားစား လုပ်ဟန်ကြည့်ရင်း ချော့လိုက်၏။

"မင်းကလည်း ကွာ၊ စိတ်ကောက်မနေနဲ့ ၊ အခုငါရောက် လာပြီပဲ"

"မသိဘူး . . မသိဘူး . . ပြောပြ၊ ပြောပြပါဆို . . . "

ချော့မှ ပဲ ပိုဆိုးလာ၏။ နားရင်းနှစ်ချက်အပြင် တင်ပါးကိုပါ သုံးချက်လောက်ထပ်ကန်မှ ဒီအမူအရာနဲ့ ညီမှာ ဟု သန့်ဇော်က မညှာမတာ စိတ်ကူးတွေဖြင့် အမဲဖျက်နေမိသည် ။ သို့သော် မျိုးမျိုးကိုတော့ လုံးဝမိတ်ပျက်မခံပေ။

"လေဆိပ်ကို အသိတစ်ယောက် လိုက်ပို့တာပါကွာ။ ခုမျိုးမျိုး ဖုန်းဆက်,ဆက်ချင်း တန်းလာခဲ့တာ၊ ဘယ်မှ မဝင်ခဲ့ဘူး"

"ဘယ်သူ့ကို သွားပို့တာလဲ"

"မမပါ . . . မမ"

"ဘာ . . ဘာ . . ဘာပြောတယ်"

ရုတ်တရက် ထအော်လိုက်သည့် အသံကြောင့် ဘေးဝိုင်းတွေကပါ ဝိုင်းကြည့်ကြတော့ သည် ။ သန့်ဇော် တော်တော်ရှက်သွားသော်လည်း မျိုးမျိုးက အူနုကျွဲခတ်ခံရသူပီပီ မည်သူ့ကိုမှ မရှက်တော့။ မုန့်သာဝေစားမည် မဟုတ်ပါလား။ မတ်တတ်ရပ်ကာ မျက်နှာထိမျက်နှာထားနှင့် သန့်ဇော်ကို စိန်းစိန်းဝါးဝါး ကြည့်ပြီး . . .

"ပြောစမ်း၊ ဘယ်က မမလဲ၊ ဘယ်ကဟာမကြီးလဲပြော . . ၊ မညာနဲ့နော် သန့်ဇော်၊ နှစ်ယောက်စလုံးသတ်ပစ်မှာ ၊ ဒါမျိုးတော့ မျိုးမျိုးတို့ ကလုံးဝသည်းမခံနိုင်ဘူး၊ အဲဒီ မမက ဘာတွေများ နှင့် အပေါ်ကောင်းနေလို့ လဲ၊ ကောင်းနေလို့ လဲဟဲ့ . . "

ပြောရင်း မျိုးမျိုးက ဆတ်ခနဲ ထရပ်လိုက်၏။

"ပစ္စည်း . . . "

"ဘာ . . ကြည့်စမ်း၊ ရိုင်းလိုက်တာဟယ် . . သန့်ဇော် နင် . . နင်"

သန့်ဇော်စကားပင် မဆုံးလိုက်။ မျိုးမျိုးက ဖြတ်အော်ပြန်၏။ ဘေးနားက လူတွေလည်း ရယ်ကုန်ကြပြီ။ မျိုးမျိုးတစ်ယောက် အသံတွေတိမ်ဝင်ပြီး ဆို့နင့်ကြေကွဲစွာ ယူကျုံးမရဖြစ်ဟန်နှင့် ချက်ချင်း ငိုချလိုက်မည့် ပုံစံပေါက်လာသည် ။ သန့်ဇော်မှာ ရှက်လည်း ရှက် ဒေါသလည်း ထွက်လာပြီမို့ . . .

"ဟာကွာ . . မျိုးမျိုး၊ နင်လုပ်ရင် တလွဲတွေချည်းပဲ၊ ပစ္စည်းဆိုတာက ခုနက နင်မတ်တတ်အရပ်မှာ ခုံပေါ်က နင့်ပစ္စည်းတွေကျကုန်လို့ ဟ၊ ဟို

မှာ တွေ့လား၊ ဖုန်းရော ပိုက်ဆံအိတ်တွေပါ အောက်ကျကုန်ပြီ၊ စကား ကိုတော့ ဆုံးအောင်နားမထောင်ဘူး၊ တကယ့် ကွိုင်ပဲကွာ”

“ကွိုင် . . ဟုတ်လား၊ သန့်ဇော်ရယ်၊ နင်ပြောရက်လိုက်တာဟယ်၊ ငါ့ ကိုများ ကွိုင်တဲ့ ၊ အဟီး . . ခုတော့ နင်ကပြောပြီပေါ့၊ ဝရူး . . ဖရူး . . ဝ ရူး”

ဘယ်လိုမှ ပြောလို့ ရမည်မထင်၍ သန့်ဇော်လည်း အထုပ်တွေဆွဲ ကာ မျိုးမျိုးကို အတင်းပါးစပ်ပိတ် ခေါ်လာရတော့သည် ။ စိတ်ရှိလက်ရှိ ကျုံးထည့်လိုက်ရင်တော့ ဒီလဒမ တစ်စစီ ဖြစ်တော့မယ်လို့ သူစဉ်းစား နေမိသည် ။ အရေးထဲ ကျေးဇူးရှင်မက မျက်ရည်ကို ဘူးသီးလုံးလောက် ကျပြနေသဖြင့် သန့်ဇော်မှာ ကျေနပ်အောင် ချော့မော့ သံတော်ဦးတင် နေရပြန်သည် ။ အတော်ကြာအောင် စီကာပတ်ကုံး ရှည်လျားစွာ ရှင်းပြ လိုက်မှ ပဲ မျိုးမျိုးက အနည်းငယ်သဘောပေါက်သွားလေ၏။

“နင်ကလည်း အစောကြီးကတည်းက ရှင်းပြတာ မဟုတ်ဘူး ဟယ်၊ ခုတော့ . . အင်းလေ ငါ့အပြစ်ပါ သန့်ဇော်ရယ်၊ ငါမှားသွားပြီ . . သိလား၊ နင်ငါ့ကို ခွင့်လွှတ်ရဲ့ လားဟင်၊ အဟင့် . . ခွင့်မလွှတ်နဲ့ ၊ နင်ငါ့ကို ကြိုက် သလိုလုပ် သိလား၊ နင်လုပ်သမျှ ငါ ကျေကျေနပ်နပ်ကြီး ခံပါ့မယ်၊ အဟ င့် . . သန့်ဇော်နော် . . နော် . . နော်”

သန့်ဇော်မှာ ဘုရားပါတမိသွား၏။ လူရှင်းသည့် နေရာမို့ပင် တော် သေးသည် ။ မဟုတ်လို့ ကတော့ တစ်မျိုးတင်မက အမျိုးမျိုးထင်သွားနိုင် လောက်သည် ။ ဘာမှ လည်း မလုပ်ချင်တော့။ ခုပင် သေချင်စော်နံနေပြီ ။ မျိုးမျိုးကို စိတ်ပျက်လက်ပျက် ကြည့်ပြီး . . .

“တော်ပါတော့ မျိုးမျိုးရာ၊ ငါက နင့်ကို ခင်လို့ တွဲနေတာ၊ ငါ့မှာ မဟု တ်တာတွေလည်း အထင်ခံရ၊ အရှက်လည်း ကွဲနဲ့ ၊ နင်နဲ့ အဖြစ်ပါဘူး

ဟာ၊ ကဲ ဒိုးတော့ . . .”

“အဲလိုမပြောပါနဲ့ ဟယ်၊ နောက်ကို ငါဆင်ခြင်ပါ့မယ်၊ သိလား . . နင် မရှိရင် ငါ့မှာ ဘယ်သူနဲ့ ပေါင်းရမှာ လဲ၊ ငါ့အကြောင်း သိလျက်နဲ့ ဟယ်၊ နင် မရှိရင် ငါ မနေတတ်ဘူး၊ မလုပ်ပါနဲ့ နော် . . သန့်ဇော် . . နော်လို့ ”

ခုလိုမျက်နှာငယ်ငယ်လေးနှင့် ပြောပြန်တော့လည်း သန့်ဇော်မှာ မျိုးမျိုးကို သနားမိပြန်သည် ။ တကယ်ဆို မျိုးမျိုးက အခြောက်ဆိုပေမယ့် တချို့အခြောက်တွေနှင့် သဘာဝချင်းမတူပေ။ ဝတ်ဖို့ စားဖို့ နှင့် လှချင်တာပဲသိသည် ။ သန့်ဇော်မှာ သင်တန်းတစ်ခုမှာ သိပြီးချိန်မှ စ၍ မျိုးမျိုးသည် သူ့နားကမခွာတော့။ သန့်ဇော်ကလည်း မျိုးမျိုးကို သနားတာရော၊ တခြားအခြောက်တွေလို မဟုတ်တာကြောင့် ရော၊ တစ်ခါတစ်ခါ အူလည်လည်ပေမယ့် လိုက်လိုက်လျောလျော ပေါင်းပေးရှာပါသည် ။ ပြီးတော့ မျိုးမျိုးတို့ က သန့်ဇော်တို့ ထက်ပင် ချမ်းသာသေး၏။ ရုပ်ကလည်း မိန်းမချောမို့ ယောကျ်ားလေးလိုနေလျှင် သန့်ဇော်ပင် မီမည်မထင်။ အခြောက်ဖြစ်နေတာ တစ်ခုပဲရှိသည် ။ သူ့မှာ မျိုးမျိုးအား တဖြည်းဖြည်း ယောကျ်ားဖြစ်အောင် ပြန်စည်းရုံးမည်ဟု စိတ်ကူးလေးရှိတာကြောင့် အလျှော့ပေးနေခြင်း ဖြစ်သည် ။ အဲဒါကို ဟိုလဒမက ချွဲတိုင်းရသည် ဟု ထင်နေလေ၏။ ဒါကြောင့် လည်း သန့်ဇော်မှာ မကြာခဏ နားရင်းအုပ်ချင်နေရခြင်း ဖြစ်သည် ။ ခုလည်း မထူးတော့ပြီမို့ အလျှော့ပေးလိုက်ရတော့သည် ။

“ကဲ . . တော်ပါတော့ မျိုးမျိုးရယ်၊ နင့်သဘောပဲ၊ လာ ငါတို့ လည်း ပြန်ရအောင်၊ နင့်ဆီလာတာ ဘာမှ လည်း မစားရသေးဘူး၊ ဗယားမကျပါဘူးဟာ . . ”

“ငါဝယ်ကျွေးပါ့မယ်ဟယ်၊ ခဏလေး . . ငါ ရှူးသွားပေါက်လိုက်ဦးမ

ယ်”

“ဒါဆို ငါလည်း လိုက်မယ်လေ”

သန့်ဇော်စကားကြောင့် မျိုးမျိုးက ဆတ်ခနဲ တွန့်သွားပြီး အရှက်သ ည်းဟန်ဖြင့် . . .

“အို . . ဘာလိုက်လုပ်မှာ လဲ၊ နင်နော် . . ပေါက်ချင်ရင် ယောကျ်ားအိ မ်သာသွား ပေါက်ပေါ့ဟဲ့”

“ဟင် . . နင်ကရော . . ”

“ဟင်း . . ဟင်း . . ငါက လေဒီ (Lady) မှာ ဝိတ်လျှော့တာလေ”

“ဟာ . . မနိုင်ဘူးမျိုးမျိုးရာ၊ တော်ကြာသိသွားလို့ ဆွဲစေ့နေဦးမယ်၊ ဒီ ဘက်မှာ ပဲ ပေါက်ပါကွာ”

မျိုးမျိုးက ခေါင်းကို လိုတာထက်ပိုပြီး ယမ်း၍ . . .

“အို . . မပေါက်ပါဘူး၊ အထဲမှာ အရှက်မရှိ၊ ဟို . . မတ်တတ်ကြီး တော်ပြီဟယ်၊ ငါ့ပုံစံကို ဘယ်သူမှ မသိပါဘူးဟဲ့၊ ငါ သွားနေကြပါ၊ ဘာ မှ မဖြစ်ဘူး”

“ငါလည်း လိုက်မယ်လေ၊ နင့်ကို စိတ်မချဘူးဟ”

လိုက်စနေသော သန့်ဇော်နဖူးကို မျိုးမျိုးက လက်ညှိုးလေးနှင့် တွန်း ရင်း ခပ်ညုညု အသံဖြင့် မျက်စောင်းထိုးကာ ပြောလိုက်သည် ။

“အောင်မာ . . ဘာစိတ်မချတာလဲ၊ မောင်လေးက နုံတယ်နော်၊ သိ လား . . ဟွန်း မြို့ထဲမသွားနဲ့ ခိုတွေတက်နင်းမိလိမ့်မယ်၊ ခဏလေးစော င့် . . မမပြန်လာမယ်”

မိန်းကလေးတစ်ယောက်လို နွဲ့နွဲ့လေးထွက်သွားသည့် မျိုးမျိုးကိုကြ

ည့်ပြီး၊ သန့်ဇော် သက်ပြင်းသာ ချမိတော့သည် ။ မျိုးမျိုးကတော့ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် သန့်ဇော်အား သူ၏ ဘာညာအတုကို ပိုပိုသာသာလေး လှူပ်ယမ်းပြသွားပါသည် ။

***

ကြွကြွရွရွဖြင့် ကြောင်လျှောက် (cat walk) ပုံစံလျှောက်လာရင်းက မျိုးမျိုးစိတ်ထဲ ပီတိတွေ လျှံကျနေသည် ။ ဘဝဆိုတာ သူ့အတွက် ကျေနပ်စရာတွေချည်းပဲဟု ပင် ထင်မိပြန်သည် ။ အဝတ်အစား၊ အသုံးအဆောင်၊ ငွေကြေး ဘာမှ ပူစရာမလိုချေ။ အိမ်မှာ ဆို သူက အငယ်ဆုံးမို့ လက်ညှိုးညွှန်လိုက်ရုံပင်။ ခုလည်း လုပ်ချင်တာ လုပ်ခွင့်ရရုံသာမက ဘေးနားမှာ သူ့ကို အလိုလိုက်ပေးသော သန့်ဇော်ကလည်း ရှိနေပြီ။ သန့်ဇော်ရှိလျှင် သူ့မှာ အရာရာလုံခြုံသည် ဟု ခံစားရသည် ။ တစ်ယောက်ထဲဆိုလျှင် နေရတာ သိပ်မပျော်ချင်တော့။ သူ့အနားမှာ သန့်ဇော်အမြဲ ရှိနေစေရန် ဒီထက်ပိုပြီး ကိုယ့်ကိုယ်ကိုယ် ဂရုတစိုက် ရွရွလန်းလန်းလေး နေမှ ဖြစ်မည်ဟု သဘော ပေါက်မိသည် ။ သန့်ဇော်ကို သူ့လက်ထဲက လာလုလျှင် အသက်ပင်ရင်းရပါစေ သူ ယှဉ်ရဲသည် ။ တော်ရုံမိန်းကလေးတစ်ယောက်ပင် သူ့လို သတ္တိမျိုးရှိပါ့မလားဟု မျိုးမျိုးက ဂုဏ်ယူချင်သေးသည် ။

အိမ်သာနားမရောက်မီ သူ့ကို လိုက်ငမ်းနေသည့် ဟိုတစ်လောကမှ အခွေထွက်ထားသော ရက်ပ်ပါ (Rapper) အုပ်စုအား မျိုးမျိုးက မသိကျိုးကျွန်ပြုလိုက်သည် ။ သန့်ဇော်ကလွဲလျှင် အားလုံး ဖွဲနှင့် ဆန်ကွဲဟု ထင်၏။ သူ့ အိမိုလေးထက် ဘယ်အရာကမှ မျိုးမျိုးအား မဖမ်းစားနိုင်ပါ။ အိမ်သာထဲလှမ်းအဝင် နောက်မှ ဆောင့်ဆွဲသည် ကို ခံလိုက်ရ၍ မျိုးမျိုးမှာ ဟန်ချက်ပျက်ပြီး ဒေါသတကြီး လှည့်ကြည့်လိုက်သည် ။

"ဟဲ့ကောင် . . နင်မိုက်ရိုင်းလှချည်လား၊ ဒါ ဘာလုပ်တာလဲ"

"အောင်မာ . . ဖြတ်ထိုးလိုက်ဦးမယ်၊ မင်းကရော ဒီအနား ဘာလာ လုပ်တာလဲ"

မျိုးမျိုးက အနေအထားကို သဘောပေါက်သွားသော်လည်း ခပ်တည် တည်ပဲ လက်နှစ်ဖက်ကို ခါးတွင် ပစ်ထောက်လိုက်သည် ။ ရှေ့ကအ ကောင်ကိုလည်း ဘာလဲဆိုတာ သူသိပြီးသားကိုး။

"ဘာလုပ်တာလဲ၊ နင့်အလုံးကန်းနေလို့ လား၊ ဒီအနားလာတာ သေး ပေါက်မလို့ ပေ့ါဟဲ့"

"ထွီ . . ကြောင်တောင်တောင် မလုပ်နဲ့ နော် . . လိမ့်တော့၊ မင်းအပုန်းမှန်း ငါသိတယ်"

မျက်နှာကို ဖြတ်ရိုက်ခံရသလို မျိုးမျိုးပူထွက်သွားလေသည် ။ ရုက် လိုက်သည် မှာ လည်း ပြောစရာကို မရှိတော့။ ပြောနေသူကလည်း ကို ယ်နှင့် ဆန့်ကျင်ဘက် ယောကျ်ားလျာကြီး။ ရှယ်တူလောက်မို့ သိပ်မကြောက်ဘဲ ပြန်ပြောလိုက်သည် ။

"ဟဲ့ ကောင်မ၊ နင့်ကိုယ်နင်လည်း ပြန်ကြည့်ဦး . . င့ါကိုများ အပုန်း လေးဘာလေးနဲ့ ငပြူးက ပြဲရတယ်လို့ "

အဆုံးသတ်ပြောလိုက်သည့် စကားနှင့် ဟန်ပန်ကြောင့် အခြောက် ကို ဒေါသထွက်နေသည့် ကြားက စန်းမွန်အောင် ရယ်ချင်သွား၏။

"ဘာကွ . . အဲဒီစကားက ငါကမင်းကိုပြောရမှာ ၊ အေး . . ဘာပဲဖြစ်ဖြစ် ငါဒီရှေ့မှာ နေတာ ဘာမှ မဖြစ်ဘူး၊ မင်း ဒိုးတော့၊ ငါလက် ပါလာတော့မယ်နော်၊ ဟေ့ကောင် . . "

ကောင်မပုံစံက တကယ်လုပ်မည့် ပုံစံမို့ မျိုးမျိုးက မာယာသုံးရန် စိ

တ်ကူးမိလိုက်သည် ။ အိမ်သာရှေ့မှာ လူရှင်းနေ၍ သာ တော်သေး၏။ ရှေ့ကကောင်မကို ဆံပင်လေးများ လှုပ်သွားအောင် ရယ်ပြရင်း နွဲ့နွဲ့ လေးနှင့် ပြောလိုက်ပါသည် ။

"နင်ကလည်း ဟယ်၊ ငါ့လို နုနုဖတ်ဖတ်လေးပုံစံနဲ့ ဟိုယောကျ်ားရင့် မာကြီးတွေထဲ ဘယ်လို ဝင်သွားရဲမှာ လဲ၊ ငါဝတ်ထားတဲ့ ဒီပုံစံနဲ့ ဒုက္ခ ရောက်သွားမှာ ပေါ့၊ နင်တောင် ယောကျ်ားလေးလို ပုံစံနဲ့ ဝင်ရဲလို့ လား"

"ဟာ . . ဘာကိစ္စ ငါကဝင်ရမှာ လဲ၊ လာမနွှယ်နဲ့ ဟေ့ကောင်"

ကောင်မက ရှက်တတ်တယ်ဆိုတာကို မျိုးမျိုး ရိပ်မိလိုက်သည် ။ မျ က်နှာလေးက ရဲသွားသည် ကိုး။

"ပြောပြတာပါဟယ်၊ ငါလည်း ကျွတ်တာပေါ့ဟဲ့၊ တော်ကြာ ဝက်ဝ က်ကွဲတွေ ဖြစ်ကုန်မှ . . "

"ဟေ့ကောင် . . ဘာညှုမနေနဲ့ ကွာ၊ နားညည်းတယ်"

"အေးပါဟယ်၊ ဘယ်သူမှ မသိပါဘူးဟဲ့၊ ငါလည်း ဘာမှ မလုပ်ပါဘူး ၊ တိတ်တိတ်ကလေးပေါက်ပြီး ပြန်ထွက်လာမှာ ပေါ့၊ နင်ပဲ သိတာပါဟာ လို့ ၊ နော်လို့ . . နော် . . နော် . . ."

သူ့ရှေ့မှာ အရှက်မရှိဟန်ဖြင့် ကနွဲ့ကလျလုပ်နေသည့် အခြောက်မ ကို ယောကျ်ားလျာ စန်းမွန်အောင်လည်း ဘာလုပ်ရမှန်း မသိတော့ပေ။ ခုနကအထိတော့ ဖြတ်ထိုးချင်စိတ် ပေါက်နေသေးသည် ။ ရခဲလှတဲ့ ယောကျ်ားဘဝကို ဒီကောင်မို့လို့ မိန်းမဖြစ်ချင်နေ၏။ ဝတ်ထားတာတွေ ကလည်း တကယ့်အကောင်းစား နာမည်ကြီးတံဆိပ်တွေချည်း။ ရုတ်တ ရက်ကြည့်လျှင် အခြောက်မှန်းကို သိမည်မဟုတ်။ ကော်ဖီဆိုင်တွင် ဘဲ တစ်ပွေနှင့် စကားများ နေတာ မြင်ခဲ့ရ၍ သာ သိခြင်းဖြစ်သည် ။ ဒီကော

င့်ကို မိန်းမနှင့် ခွဲမရအောင်တူနေသည့် အခြောက်က ယောကျ်ားအိမ်သာထဲ ဘယ်ဝင်ရဲမည်နည်း။ သူ့ရှေ့က အခြောက်မကို စန်းမွန်အောင် မည်သို့မည်ပုံ ဆုံးဖြတ်ပေးရမှန်း မသိ။ ဝေခွဲရခက်နေစဉ်မှာ ပဲ မွှေးအီသောရ နံ့လေးနှင့် အတူ စန်းမွန်အောင်၏ နတ်သမီးလေးက ပြန်လည်ရောက်ရှိလာချေပြီ။ ထိုနတ်သမီးလေးက စန်းမွန်အောင်နှင့် မျိုးမျိုးအား တစ်လှည့်စီကြည့်ပြီး မေးခွန်းထုတ်လိုက်သည် ။

"စန်းမွန် ဘာတွေဖြစ်နေတာလဲ"

"ဒီမှာ လေ တိုင်လာပတ်နေတာ၊ ဒီကောင်က မိန်းကလေး အိမ်သာထဲဝင်မလို့ တကဲကဲလုပ်နေလို့ စကားပြောနေရတာ သဇင်ရဲ့ "

"ဟင် . . သူက . . "

သဇင်က မျက်လုံးလေးများ ဝိုင်းကာ တအံ့တသြ ဖြစ်သွား၏။ အဲဒီအခြေအနေမှာ စန်းမွန်အောင်က မညှာမတာပင် ပြောချလိုက်သည် ။

"အေး . . အဲဒါ အခြောက်ကြီး . . . "

"ဟယ် . . တကယ် . . . "

ရင်ဘတ်လေးကို လက်နှင့် ဖိကာ သဇင်က မျိုးမျိုးအား ထပ်ကြည့်မိသည် ။ မျိုးမျိုးမှာ စိတ်ဆိုးဖို့ သတိမရနိုင်သေးဘဲ ဖြစ်နေ၏။ သူ့မျက်စိထဲတွင် သဇင်ဝတ်ထားသော အင်္ကျီလေး ဘယ်ဆိုင်မှာ ဝယ်သလဲဆိုတာပဲ သိချင်နေသည် ။ သူက ဆိုးဆိုးဆတ်ဆတ်ဖြင့် သဇင့်အင်္ကျီလေး ကိုဆတ်ခနဲကိုင်လိုက်ရင်း မေးလိုက်၏။

"အင်္ကျီလေးက ချစ်စရာလေး၊ ဘယ်ဆိုင်မှာ ဝယ်လဲဟင်၊ တို့ လည်းလိုချင်တယ်"

သဇင်က လန့်ဖျပ်ပြီး နောက်သို့ဆုတ်လိုက်၏။ စန်းမွန်အောင်က

ရှေ့ကိုတိုး လာပြီး မျိုးမျိုးပခုံးကို တွန်းလိုက်ကာ . . .

"ဟေ့ကောင် . . ဘာလုပ်တာလဲ၊ ဖြတ်ရိုက်လိုက်လို့ လိုင်စင်ပုံထွက်သွားမယ်"

"ဟဲ့ . . . ဘာလုပ်လို့ လဲ၊ အမလေး ကြီးကျယ်လိုက်တာ၊ အင်္ကျီလေး မေးတာများ ဘာပဲ့ပါသွားလို့ လဲဟဲ့"

မျိုးမျိုးလည်း ပြန်အော်တော့သည် ။ စန်းမွန်အောင်က သဇင့်ကို လုံးဝအထိမခံနိုင်သူမို့ . . .

"အေး . . မေးချင်ရင် ဆိုင်မှာ သွားမေး၊ ဟိုကိုင်ဒီကိုင် လာမကိုင်နဲ့ "

"နင် မမိုက်ရိုင်းနဲ့ နော်၊ ကောင်မ . . ."

"အောင်မာ . . အပုန်းကများ ၊ ကျွေးလိုက်ဦးမယ်"

သဇင်က . . .

"တော်ကြပါတော့ ဟယ်၊ နင်တို့ ကလည်း ရှက်စရာကြီး"

"ဟာ . . ဘာရှက်ရမှာ လဲ၊ ဒီကောင်မျိုးက ဆုံးမမှ ရမယ်"

သဇင်တားနေသည် ကိုပင် စန်းမွန်အောင်က ထပ်ကာပါဝါ ပြချင်နေသည် ။

ရှေ့သို့ထပ်တိုးလာ၏။ မျိုးမျိုးမှာ နောက်ထပ်ဆုတ်လိုက်ရသည် ။ ထိုအချိန်မှာ ပဲ မျိုးမျိုးထွက်သွားသည် မှာ ကြာနေ၍ လိုက်လာသော သန့်ဇော်က ရောက် လာလေ၏။ သန့်ဇော်ကိုမြင်သည် နှင့် မျိုးမျိုးက ဆပ်ပြာသည် လင်ပျောက်သည့် အမူအရာဖြင့် သန့်ဇော်ဆီ အပြေးဝင်လာပြီး တိုင်ပါတော့သည် ။ ဒီလိုနေရာမျိုးမှာ သန့်ဇော်ကိုတော့ မျိုးမျိုး အားကိုးရပေမည်။

"သန့်ဇော် လုပ်ပါဦးဟယ်၊ ငါ့ဟာငါ ရှူးရှူးလာပေါက်တာကို ဟို ယောက်ျားလျာက ထိုးမယ် ကြိတ်မယ်လုပ်နေလို့၊ အဟင့် . . အဟင့် . . ငါရှက်လွန်းလို့ သေတော့မယ်"

မျိုးမျိုးအပြောကြောင့် ဆတ်ခနဲ ထွက်သွားသည့် ဒေါသနှင့် အတူ သန့်ဇော်က ထိုယောက်ျားလျာကောင်အား ရှူသိုးသိုးပဲ ကြည့်လိုက်၏။ သို့သော် သူ့အကြည့်က ထိုကောင့်ဘေးမှ အရိပ်ကလေးထံ ရောက်သွားသောအခါ ဒေါသတွေမှာ အရည်ပျော်ပြီး သူမ၏ အလှတွင် မေ့မြောသွားလေတော့သည် ။ အရိပ်ကလေးကလည်း သန့်ဇော်ကို မရဲတရဲလေး တစ်ချက်လှမ်းကြည့်လိုက်၏။ သန့်ဇော်နှင့် သဇင်တို့ အကြည့်တွေ ဝတ်မှုန်ကူးနေစဉ်မှာ ပဲ မျိုးမျိုးက သတိဝင် လာပြီး . . .

"သန့်ဇော် ငါပြောတာကြားရဲ့ လားလို့ ၊ ငါ့ကို မတရားလုပ်နေတာ၊ လုပ်ဦး . . ."

စန်းမွန်းအောင်က . . .

"ဘာမတရားလုပ်လို့ လဲ၊ ယောက်ျားကြီးတန်မဲ့ တိုင်လားတောလားနဲ့ ၊ ရှင်းချင်သလို ရှင်းလို့ ရတယ်၊ ဂရုမစိုက်ဘူး"

"ဟဲ့ စန်းမွန်တော်ပါတော့ဟယ်၊ လူတွေလည်း ကြည့်ကုန်ကြပြီ"

သဇင်က စန်းမွန်အောင်ကို အတင်းဆွဲနေ၏။ သူတို့နှစ်တွဲကိုကြည့်ပြီး လူတွေလည်း ပြုံးစိစိ လုပ်သွားကြပြီ။ မျိုးမျိုးနှင့် စန်းမွန်အောင်တို့ မှာ လုံးဝ အလျှော့ပေးမည့် ပုံမပေါ်ကြ။ ပွဲကကြမ်းလာမည့် သဘောရှိနေ၏။ သန့်ဇော်က အားလုံးသဘောပေါက်သွားပြီး အရိပ်ကလေးနှင့် လည်း အခြေအတင် မဖြစ်လိုသဖြင့် အခြေအနေကို ဝင်ထိန်းပေးလိုက်သည် ။

"ကဲ . . ကဲ . . တော်ကြတော့ကွာ၊ ဘာမဟုတ်တာလေးနဲ့ လူမြင်မကောင်းပါဘူး၊ ဟိတ် . . မင်းနာမည် ဘယ်သူ . ."

ရုတ်တရက် သန့်ဇော်က သူ့ကိုကြည့်ကာ မေးလိုက်သောကြောင့် သဇင်လည်း ယောင်ပြီး ပြန်ဖြေလိုက်၏။

"သဇင်ပါ၊ ဟင် . . ဘာဆိုင်လို့ လဲ"

သန့်ဇော်က ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ . . .

"ဘာမှ တော့မဆိုင်ပါဘူး၊ အဟဲ . . ငါက သန့်ဇော်လေ"

"ဟွန်း . . ဘယ်သူမှ မမေးဘူး၊ ရူးကြောင်ကြောင်နဲ့ . . "

သဇင်က သန့်ဇော်၏ လူလည်ကျမှုကို ရိပ်မိသွား၏။ မျက်စောင်းလေးတစ်ချက်ပါ ပျံ့ဝဲရောက်ရှိလာသည် ။ မည်သို့ပင်ဖြစ်စေ သန့်ဇော်မှ အရိပ်ကလေး၏ နာမည်ကို သိသွားပြီ မဟုတ်ပါလား။ မျိုးမျိုးနှင့် စန်းမွန်အောင်တို့ က တစ်ချီတစ်မောင်းပြန်စရန် ဟန်ပြင်လိုက်စဉ်မှာ ပဲ သန့်ဇော်က မျိုးမျိုးလက်မောင်းကို ဖမ်းဆွဲလိုက်ရင်း -

"မျိုးမျိုးရာ၊ တော်ပါတော့၊ သဇင် မင်းလူကို မင်းခေါ်သွားတော့၊ ငါမင်းနဲ့ အမုန်းမပွားချင်ဘူး"

သန့်ဇော်က အဓိပ္ပာယ်ပါပါ ပြောလိုက်သည် ။ အမုန်းမပွားချင်ဘူးဆိုတော့ အချစ်ပွားချင်သည့် သဘောမျိုး၊ သဇင်က စန်းမွန်အောင်အနားကပ်ကာ တီးတိုးပြောလိုက်၏။ စန်းမွန်အောင်မျက်နှာပေါ်တွင် ဒေါသများပြေလျော့ကျသွားပါသည် ။ စန်းမွန်အောင်က လှည့်ထွက်ရန်ပြင်ပြီးမှ မျိုးမျိုးကို တစ်ချက်လှမ်းကြည့်ပြီး . . .

"ဟေ့ကောင် . . ငါတို့ သွားစရာရှိသေးလို့ မင်းသက်သာသွားတယ်မှတ်ပါ၊ မင်း ကြပ်ကြပ် သတိထားနေ . . "

"အိုး . . ကြပ်ကြပ်လည်း မထားဘူး၊ ချောင်ချောင်လည်း မထားဘူး၊ မျိုးမျိုးတို့ က ကိုယ့်ထမင်းကိုယ်စားတာ၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဟဲ့၊ နင်လည်း မှတ်ထား . . "

မျိုးမျိုးမှာ ဆတ်ဆတ်ထိမခံတော့။ အားကိုးရှိပါက စန်းမွန်အောင်တင်မဟုတ် သူတို့ တစ်မျိုးလုံးလာလည်း လုံးဝမကြောက်တော့ပါ။ ပြန်လည်ရန်စပျိုးလာသော အခြေအနေကြောင့် ဒီတစ်ခါတော့ သန့်ဇော်နှင့် သဇင်က အသီးသီး အတင်းဆွဲခေါ်သွားရ တော့သည် ။ ခပ်လှမ်းလှမ်းရောက်တော့မှ သဇင်က ဆတ်ခနဲ ပြန်လှည့်အကြည့်၊ ထိုအကြည့်နှစ်ခုသည် ဆယ်စက္ကန့်မျှသော အချိန်လေးထဲတွင် ဝတ်မှုန်ထောင်ချောက်များ ထဲက ရုန်းထွက်မရဘဲ ဖြစ်သွား၏။ ရည်းစားတွေ ထားခဲ့ဖူးသော သန့်ဇော်သည် အကြည့်တစ်ခု၏ အထူအပါးကို ကောင်းကောင်း နားလည်ပြီးသား ဖြစ်ပါသည် ။ အောက်ထပ်သို့ ရောက်သည် နှင့် ပိုက်ဆံလာတောင်းသော အဖိုးကြီးအား စိတ်လက်ရွှင်မြူးစွာ ငွေငါးရာပေး လိုက်လေသည် ။

တိုက်ဆိုင်စွာပဲ သဇင်သည် လည်း ထိုအဖိုးကြီးအား သနား၍ အလှူငွေတစ်ထောင် ထည့်ခဲ့မိ၏။ နှစ်ယောက်ပေါင်းတော့ ( ၁၅၀၀ ) . . . ။ ထိုသိပ်စိတ်မနှံ့သော အဖိုးကြီးသည် သူ့ကိုယ်ကိုယ် (လူသားသစ္စာ) ဟု အမည်ပေးထားသူ ဖြစ်ပါသည် ။

အဲဒီနေ့က လူသားသစ္စာဆိုသော အအရူးကြီးမှာ ဂေါက်နေသည့်ကြားက ခပ်ကြောင်ကြောင်ပင် ဖြစ်သွားရ၏။ (ဂေါက်ကြောင်ဆိုတာ ဒါမျိုးပဲဖြစ်ရမည်။) အခြောက်နှင့် တွဲလာသည့် ကောင်လေးထံမှ ငါးရာ၊ ယောကျ်ားလျာလေးနှင့် တွဲလာသော ကောင်မလေးထံမှ တစ်ထောင်ကို ရက်ရက်ရောရောရခဲ့သည့် မဟုတ်ပါလား။ သူသည် ဒီအတွဲနှစ်တွဲက

ဘာအထာတွေလဲဆိုပြီး ဉာဏ်မမီစွာ စဉ်းစားနေမိသည် ။ ခဏကြာ တော့မှ သတိဝင်ကာ ဒီလို ရှုးကြောင်ကြောင် ကိစ္စတွေ စဉ်းစားနေလို့ အလကားအချိန်ကုန်တယ်ဟု ရေရွတ်လိုက်တော့သည် ။

တကယ်တော့ လောကတွင် လူတွေအားလုံးမှာ ကိုယ့်အတွေးနှင့် ကိုယ် ရှုးသွပ်နေကြခြင်းသာ ဖြစ်လေသည် ။

*